ကရင်နီအမျိုးသားတိုးတက်ရေးပါတီ (KNPP)
ပါတီဗဟိုဌာနချုပ်
P.O Box-6, Mae Hong Son 58000, Thailand Email: knpphq2013@gmail.com Office Phone/Fax: +66-53615908
Secretriat mobile: GS: (+66)999428659, S1: (+66) 895531296, S2: (+66) 650194009

# ဗမာတပ်မတော်နှင့် ကရင်နီတပ်မတော် တို့အကြား နစ်ဘက်ထိပ်တိုက်ထိတွေ့မှုဖြစ်စဉ်အပေါ် သဘောထားထုတ်ပြန်ကြေငြာချက်

၁။ ကရင်နီပြည်၊ ဖရူဆိုမြို့အခြေစိုက် ဗမာတပ်မတော် ခမရ (၄၂၈) တပ်သည် မော်ချီးမှ ၂၀၁၈ ခုနှစ်၊ အောက်တိုဘာလ (၁၇)ရက်နေ့တွင် ထွက်ခွာလာပြီး (၁၈)ရက်နေ့၌ နန်းကစ်နှင့် ဘဟန်းလော့ကျေးရွာအကြားရှိ နမ်းခင်း ပြုလုပ်နေသော ရွာသား (၂)ဦးအား ဖမ်းဆီးခေါ်ဆောင်သွားကာ နယ်မြေရှင်းလင်းရေးအတွက် ပုံမှန်သွားလာသောလမ်းကြောင်း မဟုတ်သည့် လမ်းကြောင်းကို အသုံးပြုပြီး နယ်မြေရှင်းလင်းရေးပြုလုပ်လာခဲ့ရာ အောက်တိုဘာလ (၂၀)ရက်နေ့ နံနက် (၀၇း၄၀)နာရီအချိန်ခန့်တွင် နန်းကစ်နှင့် ဘဟန်းလော့ကျေးရွာအကြား၌ နစ်ဘက်ထိပ်တိုက်ထိတွေ့မှု တစ်ခု ဖြစ်ပွားခဲ့သည်။

၂။ ၂၀၁၃-ခုနှစ်၊ ဇွန်လ (၂၀)ရက်နေ့တွင် ကျင်းပပြုလုပ်ခဲ့သော ပြည်ထောင်စုအဆင့်ငြိမ်းချမ်းရေး ဖော်ဆောင်ရေးအဖွဲ့နှင့် ကရင်နီအမျိုးသားတိုးတက်ရေးပါတီ ငြိမ်းချမ်းရေးဖော်ဆောင်ရေးအဖွဲ့ တို့အကြား ဒုတိယအကြိမ် ပြည်ထောင်စုအဆင့် ဆွေးနွေးပွဲ၌ တပ်ပိုင်းဆိုင်ရာကိစ္စနှင့်ပတ်သက်ပြီး တံခါးပိတ်ဆွေးနွေးမှုကို နစ်ဖက် တပ်ပိုင်းဆိုင်ရာ ခေါင်းဆောင်များမှ ပြုလုပ်ခဲ့သည်။ ထိုဆွေးနွေးပွဲ၏ သဘောတူညီချက်အရ - နစ်ဖက်တပ်များ လှုပ်ရှားသွားလာလျှင် ပုံမှန်လမ်းကြောင်းအား အသုံးပြုရန်နှင့် အနည်းဆုံး (၃)ရက် ကြိုတင်၍ တစ်ဖက်နှင့်တစ်ဖက် အကြောင်းကြားသွားကြရန် သဘောတူညီမှု ရရှိခဲ့ပါသည်။ ထို့အပြင် ၂၀၁၈-ခုနှစ်၊ ဧပြီလ (၂၇)ရက်နေ့တွင် လက်ရှိငြိမ်းချမ်းရေးကော်မရှင်နှင့် ကရင်နီအမျိုးသားတိုးတက်ရေးပါတီ ငြိမ်းချမ်းရေးတွေ့ဆုံဆွေးနွေးရေးကော်မတီ တို့အကြား တွေ့ဆုံဆွေးနွေးပွဲ၌လည်း ယခင်ဒုတိယအကြိမ် ပြည်ထောင်စုအဆင့် ဆွေးနွေးပွဲ၌ ရရှိခဲ့သည့် သဘောတူညီချက်အတိုင်း တပ်ပိုင်းဆိုင်ရာ သဘောတူညီချက်ကို ဆက်လက်၍ ထပ်မံ သဘောတူညီခဲ့ကြသည်။

၃။ ယခုကဲ့သို့ ခမရ (၄၂၈)မှ နယ်မြေရှင်းလင်းရေးကို အောက်တိုဘာလ (၁၇)ရက်နေ့မှ စတင်ပြုလုပ်ခဲ့သော်လည်း တပ်မတော်နှင့် ကရင်နီအမျိုးသားတိုးတက်ရေးပါတီ တို့အကြား ရရှိခဲ့သည့် တပ်ပိုင်းဆိုင်ရာ သဘောတူညီချက်များအတိုင်း အကောင်အထည်ဖော်ဆောင်ရွက်ခြင်း မရှိသည့်အပြင် မိမိတို့အားလည်း တစုံတရာ အသိပေးအကြောင်းကြားလာခြင်း မရှိခဲ့ပါ။ ၄င်းတို့၏ အကြောင်းကြားခြင်း မရှိဘဲ နယ်မြေရှင်းလင်းရေး လှုပ်ရှားမှုသည် ကရင်နီတပ်မတော်များ ပုံမှန်လှုပ်ရှားနေသည့်နေရာအတွင်းအထိ ရောက်ရှိလာပြီး ၂၀၁၇-ခုနှစ်၊ ဒီဇင်ဘာလ (၂၀)ရက်နေ့တွင် ဖြစ်ပွားခဲ့သည့်ဖြစ်စဉ်အတွေ့အကြုံအရ အလားတူ ဖြစ်ရပ်မျိုး ဖြစ်မည်ကို လွန်စွာ စိုးရိမ်ခဲ့မှု ဖြစ်ပေါ်ခဲ့သည်။

၄။ ကရင်နီအမျိုးသားတိုးတက်ရေးပါတီမှ ဗမာတပ်မတော်၏ နယ်မြေရှင်းလင်းရေးလှုပ်ရှားမှုအား မြေပြင်သတင်းအရ ကြားသိရ၍ ခမရ(၄၂၈)နှင့် ဆက်သွယ်မေးမြန်းခဲ့ရာ ဒု-ရင်းမှူးမှ တပ်မတော်အနေဖြင့် ပြည်ထောင်စုနယ်မြေအတွင်း တပ်မတော်မှ သွားလိုသည့်နေရာ သွားမည်၊ ကန့်ကွက်စရာ မလို၊ အကြောင်းကြားစရာ မလိုဟု ပြန်လည်တုန့်ပြန်ဖြေကြားခဲ့သည်။ ထိုသို့ ပြောဆိုခဲ့ခြင်းသည် နစ်ဦးနစ်ဖက် သဘောတူညီချက်

အား ချိုးဖောက်သည့်အပြင် ရရှိထားသည့် နယ်မြေတည်ငြိမ်အေးချမ်းရေးကို တည်ငြိမ်မှု မရှိအောင် ပြုလုပ်ခြင်းနှင့် အပစ်အခတ်ရပ်စဲရေးသဘောတူညီချက်အား ချိုးဖောက်ရာ ကျပေသည်။

၅။ ၎င်းဖြစ်စဉ်နှင့်ပါတ်သက်၍ ကယားပြည်နယ်အစိုးရအဖွဲ့မှ ကရင်နီအမျိုးသားတိုးတက်ရေးပါတီအပေါ် အပစ်အခတ်ရပ်စဲရေး သဘောတူညီချက်ကို ဖောက်ဖျက်ခြင်းဖြစ်သည်ဟု စွပ်စွဲချက်မှာ လုံးဝ မှန်ကန်မှု မရှိကြောင်းနှင့် မိမိတို့ ကရင်နီအမျိုးသားတိုးတက်ရေးပါတီအနေဖြင့် ပြည်နယ်အဆင့်၊ ပြည်ထောင်စုအဆင့် ဆွေးနွေးပွဲများမှ ရရှိလာသော သဘောတူညီချက်များအပေါ် ယနေ့အချိန်ထိ ချိုးဖောက်မှု တစုံတရာ မရှိခဲ့ပါ။ ယခုဖြစ်ရပ်သည်လည်း နှစ်ဦးနှစ်ဖက်သဘောတူညီချက်အပေါ် တပ်မတော်မှ လိုက်နာဆောင်ရွက်ခြင်း မရှိဘဲ စတင် ချိုးဖောက်၍ နှစ်ဘက်ထိပ်တိုက်ထိတွေ့မှု ဖြစ်ပွားခြင်းသာ ဖြစ်သည်။

၆။ သို့ဖြစ်ပါ၍ ကယားပြည်နယ်အစိုးရအဖွဲ့မှ ကရင်နီအမျိုးသားတိုးတက်ရေးပါတီအပေါ် အပစ်အခတ်ရပ်စဲရေးသဘောတူညီချက်ကို ချိုးဖောက်ခြင်းဖြစ်သည်ဟု စွပ်စွဲပြောဆိုချက်သည် လုံးဝ မှန်ကန်မှု မရှိကြောင်း ကရင်နီအမျိုးသားတိုးတက်ရေးပါတီအနေဖြင့် တုန့်ပြန်ကန့်ကွက်ကြောင်း သဘောထားထုတ်ပြန်အပ်ပါသည်။

ပါတီဗဟိုကော်မတီ

ကရင်နီအမျိုးသားတိုးတက်ရေးပါတီ

ရက်စွဲ၊ ၂၀၁၈-ခုနှစ်၊ အောက်တိုဘာလ (၂၁)ရက်။